# အခန်း ၁၇

## အမျိုးသားများနှင့် ယောကျ်ားလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ
အပိုင်း ၇ - ကဏ္ဍပေါင်းစုံနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များ
စာမျက်နှာ ၂၆၄-၂၈၁


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# သင်တန်း ရည်ရွယ်ချက်များ

ဖြည့်သွင်းရန် ပုံစံစာရွက်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းအတိုင်းအတာများနှင့် အမျိုးသားများနှင့် ယောက်ျားလေးများအပေါ် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု၏ထူးခြားသော သက်ရောက်မှုများကို ရှင်းပြခြင်း။

အမျိုးသားများကို ဦးတည်ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများဆိုင်ရာ ယေဘုယ ယုံကြည်မှု အမှားများနှင့် ညွှန်းဆိုဖော်ပြချက်များကို သိရှိနားလည်ခြင်း။

အကြမ်းဖက်ခံရသူ အမျိုးသားများ ကြုံတွေ့ရသော ဥပဒေ ဆိုင်ရာနှင့် လက်တွေ့ အတားအဆီးများကို ဖော်ထုတ်သတ်မှတ်ခြင်း။

မှတ်တမ်းပြုစုနေစဉ်အတွင်း ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် အသုံးဝင်မည့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများကို ဖော်ထုတ်သတ်မှတ်ခြင်း။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈

# လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူ အမျိုးသားများနှင့် သက်ဆိုင်သည့် မိမိကိုယ်ပိုင် ထင်မြင်ယူဆချက်များကို လေ့လာခြင်း။

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၆၅-၂၆၆
အခန်း ၂ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း။

## <u>လေ့ကျင့်ခန်း</u>

သင်တန်းပို့ချသူမှ ပံ့ပိုးပေးသော ဖော်ပြချက်များကို သေချာစွာ စဉ်းစားသုံးသပ်ပြီး ၎င်းတို့ကို မှန်သည် သို့ မှားသည် သို့ အမှားနှင့် အမှန်ကြားတွင် ရှိသည်ကို သုံးသပ်ပါ။

"စစ်မှန်သော" အမျိုးသားတစ်ဦးကို မုဒိမ်းကျင့်၍ မရနိုင်ပါ။

အမျိုးသမီးတစ်ဦးမှ အမျိုးသားတစ်ဦးကို လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုခြင်း မပြုလုပ်နိုင်ပါ။

လိင်တူစိတ်ဝင်စားသူ အမျိုးသားတစ်ဦးမှာ အခြား အမျိုးသားတစ်ဦးကို မည်သော အခါမှမုဒိမ်းမကျင့်နိုင်ပါ။

အမျိုးသားတစ်ဦး အနေဖြင့် လိင်တံ တောင်မတ်/ သုတ်လွတ်ခြင်းတို့ ဖြစ်ပေါ်ပါက လိင်ကိစ္စကို နှစ်သက်နေခြင်းဖြစ်သည်။

အမျိုးသား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် ဖမ်းဆီးထိန်းသိမ်းခံရသော နေရာများတွင်သာ ဖြစ်ပွားသည်။

လိင်ပိုင်းဆိုင်ရာ မဖွယ်မရာ ပြုခံရသည်ဟု ပြောဆိုသော အမျိုးသား ဒုက္ခသည် ပြန်လည်နေရာချထား ပေးရန် လိုချင်၍ ပြောဆိုခြင်းဖြစ်သည်။



*နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ*
*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# ယုံကြည်မှု အမှားများနှင့် ကြိုတင်ထင်မြင်ယူဆချက်များ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၆၅-၂၆၆
အခန်း ၂ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း။

- နောက်ခံဆက်စပ် အကြောင်းအရာ အများအပြားတွင် ကျားမရေးရာ ထင်မြင် ယူဆချက်များ ရှိသောကြောင့် လူထုအပါအဝင် မှတ်တမ်းတင်သူများ၊ အစိုးရ ဥပဒေအရာရှိများနှင့် တရားသူကြီးများအနေဖြင့် အမျိုးသားများကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ သားကောင်များ အဖြစ် ရှုမြင်ကြရန် ခက်ခဲပါသည်။
- အထင်အမြင်လွဲမှားမှုများသည် အောက်ဖော်ပြပါ ကျားမ gender ရေးရာ ကြိုတင်ထင်မြင် ယူဆချက်များ အပေါ် အခြေခံပါသည်။

| | | | |
|---|---|---|---|
| အမျိုးသားများမှာ သဘာဝအရ ရန်လိုသော သဘောရှိပြီး လိင်ပိုင်းဆိုင်ရာ တောင့်တမှုများသည်။ အမျိုးသမီးများမှာမူ လိင်ပိုင်းဆိုင်ရာ တောင့်တမှုနည်းပြီး အားနည်းသည်။ | အမျိုးသားများမှာ အင်အားကောင်း၊ အာဏာရှိပြီး ၎င်းတို့ကိုထိခိုက်အောင် မပြုလုပ်နိုင်ပါ။ | မုဒိမ်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းများသည် လိင်ပိုင်းဆိုင်ရာ စိတ်ကျေနပ်မှု ရလိုခြင်းမှ အဓိက မြစ်ဖျားခံလာခြင်း ဖြစ်သည်။ | အမျိုးသားများကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ သားကောင်များ အဖြစ် သတ်မှတ်ခြင်းသည် လိင်တူစိတ်ဝင်စားမှု နှင့် ဆက်စပ်နေသည်။ |


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# အမျိုးသားများကို ဦးတည်ကျူးလွန်သည့် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု၏ အတိုင်းအတာမှာ အဘယ်နည်း။

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၆၅-၂၆၆
အခန်း ၂ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း။

- အမျိုးသားများနှင့် ယောကျ်ားလေးများကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် နေရာတကာပျံ့နှံ့နေပြီး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဖြစ်ပွားသည့်ဒေသများ ဖြစ်သည့် ပဋိပက္ခဖြစ်ပွားရာနေရာအများစု (အကုန်လုံးတွင်မဟုတ်သည့်တိုင်) ဖြစ်ပွားနေနိုင်သည်။
- ယနေ့အထိ ကမ္ဘာတစ်ဝှမ်းရှိ ပဋိပက္ခဖြစ်ပွားရာနေရာ အနည်းဆုံး ၂၅ခုတွင် မှတ်တမ်းတင်ထားပြီး သုတေသန အချက်အလက် အနည်းငယ်သာ ရှိပါသည်။
- အဆိုပါဖြစ်ရပ်များ၏ အမှန်တကယ် ပျံ့နှံ့သက်ရောက်မှုများကို မှတ်တမ်းတင်ထားသော ပြီးပြည့်စုံသော စာရင်းအင်း အချက်အလက်များမှာ အရှယ်ရောက်ပြီး အမျိုးသားများအတွက် အနည်းငယ်သာရှိပြီး ယောကျ်ားလေးများအတွက်မှု မရှိပါ။

သုတေသနအချက်အလက် အနည်းငယ်သာရှိသောလည်း အမျိုးသားများကို ဦးတည်ကျူးလွန်သည့် CARSV၏ အမှန်တကယ်အတိုင်းအတာမှာ ယေဘုယ ယူဆထားချက်များသို့မဟုတ် အများလက်ခံထားသည့် ပမာဏထက် **များစွာ ပိုမိုနေကြောင်း** တွေ့ရသည်။

# အမျိုးသားများကို ဦးတည်ကျူးလွန်သည့် CARSVပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့်လိင်အကြမ်းဖက်မှု၏ အတိုင်းအတာမှာ အဘယ်နည်း။



## အဘယ်ကြောင့် စာရင်းအင်းအချက်အလက် အနည်းငယ်သာ ရှိသနည်း။

များစွာသော ဆက်စပ်သက်ရောက်မှု အချက်များကြောင့် ဤ စာရင်းအင်းမရှိမှုကို ဖြစ်ပွားစေနိုင်ပါသည်။

- မယုံကြည်မည်/ လိင်တူစိတ်ဝင်စားသူဟု သတ်မှတ်ခံရမည်ကို စိုးရိမ်သောကြောင့် အကြမ်းဖက်ခံရသူ အမျိုးသားများမှ **သတင်းပို့/တိုင် ကြားမှုအလွန်အမင်း အားနည်းခြင်း။**
- အချို့သော နိုင်ငံများတွင် လိင်တူကိစ္စရပ်များကို **ရာဇဝတ်မှု အဖြစ် သတ်မှတ်ခြင်း။**
- ကျူးလွန်ခံသူ အမျိုးသားများ အတွက် **အထောက်အပံ့ ဝန်ဆောင်မှုများ/** လုံခြုံစိတ်ချရသော နေရာများ **အလွန်အမင်း နည်းပါးနေခြင်း။**
- အဆိုပါ ကျူးလွန်မှုများကို အသိမှတ်ပြုရန်နှင့် မှတ်တမ်းတင်ရန် **သင်တန်းပို့ချမှုနှင့် ရံပုံငွေ မရှိခြင်း။**
- အကြမ်းဖက်မှု၏ လိင်ပိုင်းဆိုင်ရာ သဘောသဘာဝမှာ **"ညှည်းပန်းနှိပ်စက်ခြင်း" ဟူသော ခေါင်းစဉ်အောက်**တွင် ဖုံးကွယ်နေခြင်း။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# မည်သူများကို ထိခိုက်နိုင်ပါသနည်း။



မည်သည့် အမျိုးသား/ယောက်ျားလေး မဆို CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့်ဆက်စပ်သည့်လိင်အကြမ်းဖက်မှု၏ သားကောင် ဖြစ်နိုင်သည် (အရပ်သား၊ တပ်သား၊ သက်ကြီးရွယ်အို၊လူငယ်)။ CARSVသို့ အထူးသဖြင့် ထိရှလွယ်သော အမျိုးသားများတွင် အောက်ဖော်ပြပါများ ပါဝင်နိုင်ပါသည်။





© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# အမျိုးသားများအပေါ် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှု ကျူးလွန်သော သူများသည့် မည်သူများနည်း။

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၆၈ အခန်း ၂ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း။
အခန်း ၁၆ - ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း။

- အမျိုးသားများနှင့် ယောက်ျားလေးများအပေါ် ဦးတည်ကျူးလွန်သည့် အမှုများ အပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ကျူးလွန်သူ အများစုမှာ အမျိုးသားများ ဖြစ်သည်။
- အမျိုးသမီးများမှ ကျူးလွန်သည်ဟုသိရသော အမှုများမှာ သိသာထင်ရှားစွာ နည်းပါးသော်လည်း အထူးသဖြင့် ကျူးလွန်ရာတွင် (ကျား/မ နှစ်ခုလုံးပါဝင်သော အဖွဲ့ဖြစ်စေ ကျားသပ်သပ် မ သပ်သပ် အဖွဲ့ဖြစ်စေ) အဖွဲ့လိုက်အုပ်စုဖွဲ့ ဖြစ်ပွားလေ့ရှိကြောင်းတွေ့ရသည် (ကျူးလွန်သည့် အခြားပုံစံများလည်း ရှိနိုင်ပါသည်။)
- ကျူးလွန်သူ အများစုမှာ လက်နက်ကိုင် အုပ်စုများ နှင့် တပ်ဖွဲ့များတွင် ပါဝင်သူများဖြစ်သည်။

| တရားဝင်စစ်တပ်၏ တပ်ဖွဲ့ဝင်များ | လက်နက်ကိုင် ပြည်သူ့စစ်အဖွဲ့အစည်းများ၏ တပ်ဖွဲ့ဝင်များ | ရဲတပ်ဖွဲ့ဝင်များနှင့် ထောင်ဝန်ထမ်းများ | ငြိမ်းချမ်းရေး ထိန်းသိမ်းရေး တပ်ဖွဲ့ဝင်များ |
|---|---|---|---|


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈*

# အမျိုးသားများအပေါ် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက် ကျူးလွန်မှုများ မည်သည့်နေရာတွင် ဖြစ်ပွားသနည်း။

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၆၈ အခန်း ၂ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း။
အခန်း ၁၆ - ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း။



ဖမ်းဆီးထိန်းသိမ်းရာနေရာများနှင့် ပြစ်ဒဏ်ကျခံရမှုမရှိပဲ အာဏာကို အလွဲသုံးစား လုပ်၍ရသော အခြေအနေများမှာ အမျိုးသားများအပေါ် ကျူးလွန်မှုများအပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ပွားနေနိုင်ကြောင်း ဖော်ပြနေသော ညွှန်းကိန်းများဖြစ်ပါသည်။ အဆိုပါအခြေအနေများထဲမှ အချို့မှာ

- ရဲအချုပ်ခန်းများ/ ထောင်များ
- ဒုက္ခသည် စခန်းများ
- လူဝင်မှု ကြီးကြပ်ရေး ထိန်းသိမ်းရေး စင်တာများ
- စစ်စခန်းများ
- စစ်ဖက် လေ့ကျင့်ရေး စင်တာများ
- လူများ၏ ကိုယ်ပိုင်အိမ် များ



© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# မည်သို့သော ပုံသဏ္ဍာန် ဆောင်နိုင်ပါသနည်း။

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၇၀
အခန်း ၂ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း။

စအိုကို မုဒိမ်းကျင့်ခြင်းသည် အမျိုးသားများနှင့် ယောက်ျားလေးများအပေါ် ကျူးလွန်သည့် တစ်ခုတည်းသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံမဟုတ်ပါ။ အခြားပုံစံများလည်း ပါဝင်နိုင်ပါသည်။ ဥပမာအားဖြင့်

| တစ်ဦးချင်း/ အုပ်စုလိုက် မုဒိမ်းကျင့်ခြင်း | လိင်ပိုင်းဆိုင်ရာ အရှက်ခွဲခြင်း | နှိပ်စက်ခြင်း/ ကိုယ်လက်အင်္ဂါဖြတ်တောက်ခြင်း | CARSV အခြား ပုံစံများ |
|---|---|---|---|
| လိင်တံ၊ အရာဝတ္ထုများဖြင့် စအို မုဒိမ်းကျင့်ခြင်း | အတင်းအဓမ္မ အဝတ်အစား ချွတ်ခိုင်းခြင်း | လိင်အင်္ဂါကို ရိုက်နှက်ခြင်း/ ထိခိုက်စေခြင်း | အတင်းအကြပ် လက်ထပ်စေခြင်း |
| ပါးစပ်ကို မုဒိမ်းကျင့်ခြင်း | အများပြည်သူ ရှေ့တွင် မုဒိမ်းကျင့်ခြင်း/ အတင်းအကြပ် အာသာဖြေခိုင်းခြင်း။ | အခြားသူများကို မုဒိမ်းကျင့်သည်ကို အတင်းအကြပ် ကြည့်ရှုခိုင်းခြင်း။ | လိင်ကျေးကျွန်ပြုခြင်း (ဥပမာ - ကလေးစစ်သားများ) |
| အတင်းအဓမ္မ လိင်ဆက်ဆံခြင်း | အခြားသူများကို မုဒိမ်းကျင့်ရာတွင် အောက်ခံ မွေ့ယာအသုံးပြုခြင်း။ | အတင်းအဓမ္မ လိင်တံ အရည်ပြားဖြတ်ခြင်း/ မြိုစေခြင်း။ | |


နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

# ကျူးလွန်ခံရသူ အမျိုးသားများအပေါ် CARSV၏ သက်ရောက်မှုမှာ အဘယ်နည်း။

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ - စာမျက်နှာ ၂၇၁-၂၇၂

- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းကို ယောက်ျားမပီသဖြစ်စေခြင်း အဖြစ်လည်း ကြုံတွေ့ရနိုင်ပါသည်။ အကြမ်းဖက်ခံရသူများအနေဖြင့် ၎င်းတို့၏ လိင်တိမ်းညွှတ်မှု အပေါ် ဝေခွဲမရဖြစ်ခြင်းများ ကြုံတွေ့ရနိုင်ပါသည် (အထူးသဖြင့် ထိုးသွင်းဆက်ဆံခံရ ပြီးချိန်တွင်)။ အဘယ်ကြောင့်ဆိုသော် နောက်ခံဆက်စပ် အကြောင်းအရာ အများအပြားတွင် အနိုင်ကျင့်ကျူးလွန်ခံရခြင်းနှင့် လိင်တူစိတ်ဝင်စားခြင်းတို့ကြားရှိ ဆက်စပ်မှုများရှိခြင်းကြောင့်ဖြစ်ပါသည်။
- သာမန်ဇီဝကမ္မ တုံ့ပြန်မှုများဖြစ်သည့် သဘာဝအလျောက် လိင်တံ တောင်မတ်ခြင်း နှင့် သုတ်လွှတ်ခြင်း တို့ကို နားလည်မှု မရှိခြင်းကြောင့် ကျူးလွန်ခံရသူများအနေဖြင့် ပိုမို ဝေခွဲမရ ဖြစ်နိုင်ပါသည်။
- ကျူးလွန်ခံရသူ အမျိုးသားများမှာ အများအားဖြင့် ယုံကြည်ခြင်းမခံရပဲ လိင်တူဆန့်ကျင်သော သို့မဟုတ် ကောင်းစွာ လေ့ကျင့်သင်ကြားပေးခြင်း မခံရသော ဝန်ဆောင်မှု ပေးသူများမှ ထပ်လောင်း အထင်မြင်လွဲမှားစွာ သတ်မှတ်ခံရခြင်းများ လည်း ရှိပါသည်။
- အဆိုပါအချက်ကြောင့် ကျူးလွန်ခံရသူ အမျိုးသား အများစုမှာ CARSVကို တိုင်ကြားခြင်းမှ ရှောင်ကြဉ်ကြပါသည်။

# ကျူးလွန်ခံရသူ အမျိုးသားများအပေါ် CARSV၏ သက်ရောက်မှုမှာ အဘယ်နည်း။

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၇၁-၂၇၂ အခန်း ၂ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း။ အခန်း ၇ -ထိခိုက်မှုမရှိအောင် ဆောင်ရွက်ခြင်း Do No Harm။ အခန်း ၉ - အစီအစဥ်ရေးဆွဲခြင်း။ အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း။ အခန်း ၁၅ - စိတ်ဒဏ်ရာ။ အခန်း ၁၆ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း။

CARSV၏ သက်ရောက်မှုများမှာ ကျူးလွန်ခံရသူ အမျိုးသားများနှင့် အမျိုးသမီးများတွင် များစွာ ဆင်တူမှုရှိပါသည်။ အမျိုးသားများအပေါ် ထပ်လောင်းသက်ရောက်မှုရှိနိုင်သော အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

## ရုပ်ပိုင်းဆိုင်ရာ

- စအို၊လိင်တံ သို့ ဝှေးစေ့ ထိခိုက်မိခြင်း
- နာတာရှည် ခါး/ စအို နာခြင်း
- စအိုထိခိုက်မှု/ နာကျင်မှု လျော့နည်းစေရန် ကြိုးပမ်းမှုကြောင့် အာဟာရချို့တဲ့ခြင်း

## စိတ်ပိုင်းဆိုင်ရာ

- လိင်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည် ချို့ယွင်းခြင်း/ ပန်းသေပန်းညှိုးဖြစ်ခြင်း
- လိင်တိမ်းညွတ်မှု အပေါ် ဝေခွဲမရဖြစ်ခြင်း
- စိတ်ဒဏ်ရာ အလွန်ဖိစီးမှုရောဂါPTSD/ သတ်သေလိုသော အတွေးများ ဖြစ်ခြင်း

## လူမှုရေး

- အလုပ်လုပ်နိုင်စွမ်း မရှိခြင်းကြောင့် ယောကျာ်းဆန်မှု လျော့ကျခြင်း။
- အိမ်တွင်းအကြမ်းဖက်မှု ဖြစ်ပွားနိုင်ခြေ မြင့်တက်လာခြင်း

## လူမှုစီးပွားနှင့် ဥပဒေရေးရာ

- လိင်တူ ကိစ္စရပ်များကြောင့် ဖမ်းဆီး ထိန်းသိမ်း ခံရနိုင်ခြင်း၊ အချို့နောက်ခံ အခြေအနေများတွင် သေဒဏ် ကျခံရနိုင်ခြင်း။



• *© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# အမျိုးသားများ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုကို မည်သို့တုံ့ပြန်မည်နည်း။

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၂၇၁-၂၇၂
အခန်း ၂ - လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို နားလည်သဘောပေါက်ခြင်း။

- CARSV ဆိုင်ရာ ကျူးလွန်ခံသူ အမျိုးသားများမှာ အများအားဖြင့် လူသားချင်း စာနာ ထောက်ထားမှု ဆိုင်ရာ အစီအစဉ်များမှ မျက်ကွယ်ပြုခြင်းကို ခံရပြီး သင့်တော်သော အထောက်အပံ့ ဝန်ဆောင်မှုများ မရှိခြင်းကြောင့် လုံလောက်စွာ ဂရုစိုက်မှု ခံရခြင်း မရှိပါ။ ကျူးလွန်ခံသူ အမျိုးသားများအတွက် သင့်တော်သော ညွှန်းဆိုပေးရန် နေရာများ ရှာဖွေရခြင်း မှာလည်း အများအားဖြင့် စိန်ခေါ်မှုများလေ့ရှိပါသည်။

- သင်တို့အနေဖြင့် သာမန်ရိုးရှင်းသော/အလွတ်သဘော စနစ်များနှင့် ကိုယ်ထူကိုယ်ထ ကူညီရေး ကွန်ယက်များကို စဉ်းစားသင့်ပါသည်။ သို့မဟုတ် သက်ရှင်ကျန်ရစ်သူ အမျိုးသားများကို မချဉ်းကပ်မီတွင် ဒေသတွင်း ဝန်ဆောင်မှုပေးသူများ၏ စွမ်းဆောင်ရည်ကို တည်ဆောက်ခြင်းများ ပြုလုပ်ခြင်းဖြင့် ၎င်းတို့အနေဖြင့် လိုအပ်သော နားလည်မှု၊ ကျွမ်းကျင်မှုနှင့် စိတ်နေသဘောထားများရှိနေပြီဖြစ်ကြောင်း သေချာအောင် ပြုလုပ်သင့်ပါသည်။



- အကူအညီတောင်းရာတွင်လည်း CARSVဆိုင်ရာ ကျူးလွန်ခံရသူ အမျိုးသားများ အနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို တိုင်တန်းချင်မှ တိုင်တန်းပါလိမ့်မည်။ ၎င်းတို့အနေဖြင့် အခြားသော ကိစ္စရပ်များကို ဖော်ထုတ် ပြောဆိုနိုင်ပါသည်။ (ဥပမာ - ခါးနာခြင်း၊ အိပ်မရခြင်း၊ လိင်ပိုင်းဆိုင်ရာ ဆက်ဆံရေးများတွင် အခက်အခဲများ ရှိခြင်း)




*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ၊ ၂၀၁၈*

# ကျူးလွန်ခံရသူ အမျိုးသားများ အနေဖြင့် တရားမျှတမှု ရယူရာတွင် တည်ရှိသော ဥပဒေရေးရာ အတားအဆီးများ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၂၇၃-၂၇၆။ အခန်း ၃ - တာဝန်ခံမှု လမ်းကြောင်းများနှင့် ကုစားမှုများ။ အခန်း ၄ - တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု နှင့် အခန်း ၇ - ထိခိုက်မှုမရှိအောင် ဆောင်ရွက်ခြင်း Do No Harm။ အခန်း - ၈ - လုံခြုံမှုနှင့် ဘေးကင်းစိတ်ချရမှု။ အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း။

သက်ရှင်ကျန်ရစ်သူ အမျိုးသားများအနေဖြင့် တရားမျှတမှု ရယူရာတွင် ကြုံတွေ့ရသော ဥပဒေရေးရာ အတားအဆီး အဓိက နှစ်ခုမှာ

| မုဒိမ်းမှု/ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဆိုင်ရာ **ကျား/မ gender သီးခြားဖြစ်သော အဓိပ္ပါယ်ဖွင့်ဆိုချက်များ** | **လိင်တူကိစ္စရပ်များကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ခြင်း** |
|---|---|
| အမျိုးသမီးများနှင့် မိန်းကလေးများသာ ကျူးလွန်ခံရသူများအဖြစ် သတ်မှတ်နိုင်သည့် ဘာသာစကား အသုံးအနှုန်း ဝေါဟာရများ - အမျိုးသားများကို ကျူးလွန် ခံနိုင်ရသူများအဖြစ် လက်ခံမထားခြင်း။<br><br>➔ ကျူးလွန်ခံရသူ အမျိုးသားများအနေဖြင့် မုဒိမ်းမှု/ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တိုင်တန်းစွဲချက်တင်ရန် မဖြစ်နိုင်ခြင်း။ | မိမိသဘောဆန္ဒအလျောက် လုပ်ဆောင်ခြင်း နှင့် မိမိဆန္ဒမပါပဲ ကျူးလွန်ခံရခြင်းတို့အကြား ကွဲပြားမှုမရှိသော ဘာသာစကား အသုံးအနှုန်း ဝေါဟာရများ<br><br>➔အချို့သော နောက်ခံအခြေအနေ များအရ ကျူးလွန်ခံသူ အမျိုးသားများအနေဖြင့် ရှေ့ထွက် ဝန်ခံလိုက်ပါက ဖမ်းဆီးခံရခြင်း၊ ထောင်သွင်း အကျဉ်းချခံရခြင်းနှင့် သေဒဏ် ချမှတ် ခံရခြင်း တို့ ဖြစ်နိုင်သည့် အန္တရာယ်ရှိခြင်း။ |

# ကျူးလွန်ခံရသူ အမျိုးသားများ အနေဖြင့် တရားမျှတမှု ရယူရာတွင် ရှိသော ဥပဒေရေးရာ အတားအဆီးများ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ၊ စာမျက်နှာ ၂၇၃-၂၇၆။ အခန်း ၃ - တာဝန်ခံမှု လမ်းကြောင်းများနှင့် ကုစားမှုများ။ အခန်း ၄ - တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှု နှင့် အခန်း ၇ - ထိခိုက်မှုမရှိအောင် ဆောင်ရွက်ခြင်း Do No Harm။ အခန်း - ၈ - လုံခြုံမှုနှင့် ဘေးကင်းစိတ်ချရမှု။ အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ သားကောင်များ ဖြစ်လာသည့်အချိန်တွင် ပဋိပက္ခ ဖြစ်ပွားရာ နိုင်ငံများ၏ **၉၀% သော အမျိုးသား**များမှာ ဥပဒေအရ **အကာအကွယ်ပေးခံထားရခြင်း မရှိပါ**။

- နိုင်ငံတကာရာဇဝတ်မှုတရားရုံး ICC ၏ ရောမသဘောတူစာချုပ်တွင် မုဒိမ်းမှုနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပုံစံများအတွက် ကျား/မ gender ဝိသေသ ကင်းသော အဓိပ္ပါယ်ဖွင့်ဆိုချက်များ ပါဝင်ပါသည်။ အမျိုးသားများရော အမျိုးသမီးများပါ ကျူးလွန်ခံရနိုင်သူများနှင့် ကျူးလွန်နိုင်သူများအဖြစ် လက်ခံထားပါသည်။
- နိုင်ငံတကာအဆင့်တွင်ပင် အမျိုးသားများကို ဦးတည်ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို မုဒိမ်းမှုအဖြစ်သတ်မှတ်ခြင်းမရှိပဲ အများအားဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် အခြားသော လူမဆန်သည့် ကျူးလွန်မှုများအဖြစ် သတ်မှတ် ပြစ်ဒဏ်ချနေဆဲဖြစ်သည်။ ၎င်းမှာ ကျူးလွန်ခံရသူ အမျိုးသားများပေါ် ဖြစ်ပွားသော လိင်ပိုင်းဆိုင်ရာ ထိခိုက်မှု အတိုင်းအတာကို ထင်ဟပ်ခြင်း မရှိနေကြောင်း ပြသနေပါသည်။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# အမျိုးသားများကို ဦးတည်ကျူးလွန်သော CARSVကို မှတ်တမ်းတင်ရန် အဓိက စဥ်းစားရန် အချက်များ



အမျိုးသားများအပေါ် ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု များ၏ တည်ရှိမှု၊ သဘောသဘာဝနှင့် အတိုင်းအတာကို သင့်အနေဖြင့် **တက်ကြွစွာ ရှာဖွေနေခြင်း** မရှိပါက သက်သေများ ရရှိနိုင်မည် မဟုတ်ပါ။

- အမျိုးသားများကို ဦးတည်ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို ဖော်ထုတ်ရန်၊ လုံလောက်စွာ မှတ်တမ်းတင်ရန်နှင့် ဖြေရှင်းရန်အလို့ငှာ သင့်အနေဖြင့် မှတ်တမ်းတင်မှုလုပ်ငန်းစဉ်၏ အစိတ်အပိုင်းနှင့် အဆင့်များ အားလုံးတွင် စနစ်တကျ ပေါင်းစပ်ဖွဲ့စည်းရန် လိုအပ်ပါသည်။

ကနဦး သုတေသနပြုစုခြင်း → အစီအစဉ် ရေးဆွဲခြင်း → တွေ့ဆုံမေးမြန်းခြင်း


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# အမျိုးသားများကို ဦးတည်ကျူးလွန်သော CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှုကို မှတ်တမ်းတင်ရန် အဓိက စဉ်းစားရန် အချက်များ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၇၈ အခန်း ၇ -ထိခိုက်မှုမရှိအောင် ဆောင်ရွက်ခြင်း Do No Harm။ အခန်း ၈ - လုံခြုံမှုနှင့် ဘေးကင်းစိတ်ချရမှု။ အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း။ အခန်း ၁၆ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း။

## ကနဦး သုတေသနပြုစုခြင်းနှင့် စီစစ်လေ့လာခြင်း အဆင့်တွင်

အမျိုးသားများကို ဦးတည်ကျူးလွန်သည့် CARSV ပဋိပက္ခ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် ဆက်စပ်သည့် လိင်အကြမ်းဖက်မှုဆိုင်ရာ စွပ်ဆွဲချက်များ မရှိခြင်းမှာ **မူဝါဒ/ လုပ်ပိုင်ခွင့်သို့မဟုတ် တစ်ဦးချင်း ဘက်လိုက်မှုများ** ကိုသာ ထင်ဟပ်နေခြင်းမျိုး ဖြစ်နိုင်သည်ကို သတိရပါ။

အမျိုးသားများကို ဦးတည်ကျူးလွန်သော CARSVများ ဖြစ်ပွားနေသည်ကို ညွှန်ပြနေသည့် **သတိပေးချက်များ**ကို သတိပြုရန်(ဥပမာ - ဖမ်းဆီးထိန်းသိမ်းခံရခြင်း/ လုပ်ပိုင်ခွင့် မညီမျှမှု၊ အမျိုးသားများ လိင်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည် ချို့ယွင်းခြင်းနှင့် နာတာရှည် ခါးနာခြင်းကဲ့သို့သော ဖြစ်ရပ်များ တိုးမြင့်လာသည်ကို တွေ့ရသော ဆေးခန်းမှတ်တမ်းများ)

ကျူးလွန်ခံရသူ အမျိုးသားများပေါ် ပတ်ဝန်းကျင်၏ သဘောထား၊ ပြည်တွင်းရှိ ဥပဒေများနှင့် အခြားသော **နောက်ခံအကြောင်းအရာနှင့် ဆက်စပ်သည့် သီးခြား အန္တရာယ်များ** ကို သုတေသနပြုပါ။

**တရားဝင်နှင့် အလွတ် သဘော အထောက်အပံ့ ဝန်ဆောင်မှုများ**ရရှိနိုင်သည့် နေရာများကို ကျူးလွန်ခံရသူ အမျိုးသားများ အ တွက် ညွှန်းဆိုနိုင်ဖို့ရာ မြေပုံထုတ်ခြင်းနှင့် စိစစ်ခြင်း - အကူအညီပေးလုပ်ဆောင်သူ များ အနေဖြင့်လည်း သင့်တော်ရာ အထောက်အပံ့နေရာများ အဆင်သင့်မဖြစ်မီအချိန်အထိ ကျူးလွန်ခံရသူ အမျိုးသားများကို ချဉ်းကပ်ခြင်းကို ရှောင်ရှားပါ။


*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု၊ ၂၀၁၈*

# အမျိုးသားများကို ဦးတည်ကျူးလွန်သော CARSVကို မှတ်တမ်းတင်ရန် အဓိက စဉ်းစားရန် အချက်များ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၇၉ အခန်း ၇ -ထိခိုက်မှုမရှိအောင် ဆောင်ရွက်ခြင်း Do No Harm။ အခန်း ၈ - လုံခြုံမှုနှင့် ဘေးကင်းစိတ်ချရမှု။ အခန်း ၉ - အစီအစဉ်ရေးဆွဲခြင်း။ အခန်း ၁၆ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း။

## **အစီအစဉ်ရေးဆွဲခြင်း** အဆင့်တွင်

အမျိုးသားများအပေါ် ကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို **မှတ်တမ်းတင်ခြင်း အစီအစဉ်**တွင် အတိအလင်း ထည့်သွင်းဖော်ပြပါ။

**မှတ်တမ်းတင်သည့် အဖွဲ့**တွင် လူပေါင်းစုံ ပါဝင်စေပြီး အဖွဲ့ဝင်များတွင် လိုအပ်သော လေ့ကျင့်သင်ကြားမှု/ စိတ်နေသဘောထားများ ရှိကြောင်း သေချာအောင် ဆောင်ရွက်ပါ။

မတူညီသော/ ထပ်လောင်း **ရင်းမြစ်များ** လိုအပ်မှု ရှိမရှိနှင့် ၎င်းတို့၏ သက်ဆိုင်ရာ **ကုန်ကျစရိတ်များ** ကို ထည့်သွင်းစဉ်းစားပါ။

**အချိန် ပိုယူပါ** - ကျူးလွန်ခံရသူ အမျိုးသားများမှ ဖော်ထုတ်ပြောဆိုရန်အတွက်မှာ အချိန်ပိုမိုလိုအပ်ပါသည်/ ယုံကြည်မှု အဆင့်မြင့်မားရန် လိုအပ်ပါသည်။

**လျို့ဝှက်ချက်အတွက် ယုံကြည်စိတ်ချရမှု**ကို အထူးသတိပြုပါ။ လိင်တူစိတ်ဝင်စားသည်ဟု သံသယဝင်ခံရပါက ကြီးမားသော အန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသည်။

အမျိုးသားများကို ဦးတည်ကျူးလွန်သော CARSVကို မှတ်တမ်းတင်/ ဖြေရှင်းရာတွင် **ဆန့်ကျင်မှု** ကြုံတွေ့နိုင်သည်ကို ကြိုတင်ပြင်ဆင်ထားပါ။

# အမျိုးသားများကို ဦးတည်ကျူးလွန်သော CARSVကို မှတ်တမ်းတင်ရန် အဓိက စဉ်းစားရန် အချက်များ



## တွေ့ဆုံမေးမြန်းခြင်း အဆင့်တွင်

### ခင်မင်ရင်းနှီးမှုနှင့် ယုံကြည်မှု တည်ဆောက်ခြင်း

- ကျူးလွန်ခံရသူမှ **ဖွင့်ဟပြောဆိုလာနိုင်ရန်** လိုအပ်သော ယုံကြည်မှုနှင့် **ခင်မင်ရင်းနှီးမှု**ကို တည်ဆောက်ရန် လိုအပ်သလောက် အချိန်ကို ယူပါ။

### ညွှန်းကိန်းများ

- တွေ့ဆုံမေးမြန်းခံရသူမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ သားကောင်ဖြစ်ခဲ့နိုင်သည်ကို ညွှန်ပြသော **လက္ခဏာများနှင့် သဲလွန်စများ** (ရုပ်ပိုင်းဆိုင်ရာ၊ စကားဖြင့်၊ စကားဖြင့်မဟုတ်သော၊ အခြားသော) ကို သတိပြုပါ။

### မေးခွန်းများ

- ဖမ်းဆီးထိန်းသိမ်းရေး စင်တာများ/ အခြား ထိရှလွယ်သော အခြေအနေများတွင် နေထိုင်ခဲ့ရသော အမျိုးသားများ/ ယောကျ်ားလေးများကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း **ခံခဲ့ရမှု ရှိမရှိ** သို့မဟုတ် **မျက်မြင်တွေ့ခဲ့ရမှု ရှိမရှိ**ကို **အထူးသဖြင့်မေးမြန်းရန်** လိုအပ်ပါသည်။


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈

# အမျိုးသားများကို ဦးတည်ကျူးလွန်သော CARSVကို မှတ်တမ်းတင်ရန် အဓိက စဉ်းစားရန် အချက်များ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၈၀-၂၈၁ အခန်း ၇ -ထိခိုက်မှုမရှိအောင် ဆောင်ရွက်ခြင်း Do No Harm။ အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း။ အခန်း ၁၆ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း။

## တွေ့ဆုံမေးမြန်းခြင်း အဆင့်တွင်

### ကြိုတင် ထင်မြင်ယူဆချက်များ

- မည်သို့သော ကြိုတင်ထင်မြင်ယူဆချက်များမှ မပြုလုပ်ရန်နှင့် **ဝေဖန်ထောက်ရှုခံနေရသည်ဟု ခံစားရစေနိုင်သော ဖော်ထုတ်ပြောဆိုချက်များပြုလုပ်ခြင်းနှင့် သဘောထားများ ထားရှိခြင်း**တို့ မပြုလုပ်မိစေရန် သတိထားပါ။

### ဇီဝကမ္မ တုံ့ပြန်မှုများ

- **သဘာဝအလျောက် လိင်တံတောင်မတ်ခြင်းနှင့် သုတ်လွှတ်ခြင်းတို့** ဖြစ်ပေါ်ခဲ့ကြောင်း ဖော်ထုတ်ပြောဆိုခြင်း အပေါ် စာနာထောက်ထားစွာ တုံ့ပြန်ပေးရန် (၎င်း**သာမန်** တုံ့ပြန်ချက်များမှာ ကျူးလွန်ခံရသူအနေဖြင့် “သာယာခဲ့သည်” သို့မဟုတ် “သဘောတူညီခဲ့သည်” ဟူသော သက်သေ မဟုတ်ပါ)

### စိတ်ချယုံကြည်စေခြင်း

- အထူးသဖြင့် အခြားသူများနှင့် လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက်များ **လုပ်ဆောင်ရန် အတင်းအကြပ်စေခိုင်းခံခဲ့ရသော** အခြေအနေများတွင် ကျူးလွန်ခံရသူအနေဖြင့် **ပြစ်တင်ခံရမည်မဟုတ်ကြောင်း** စိတ်ချယုံကြည်စေပါ (ဥပမာ - အဖေမှ သမီးကို မုဒိမ်းကျင့်ရန် အတင်းအကြပ်စေခိုင်းခံရခြင်း)

နိုင်ငံတကာလုပ်ထုံးလုပ်နည်း သင်တန်းလက်စွဲ
© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျူ ၊ ၂၀၁၈

# အမျိုးသားများကို ဦးတည်ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ညွှန်းကိန်းများ

နိုင်ငံတကာ လုပ်ထုံးလုပ်နည်းများ ၊ စာမျက်နှာ ၂၈၁ အခန်း ၇ -ထိခိုက်မှုမရှိအောင် ဆောင်ရွက်ခြင်း Do No Harm။ အခန်း ၁၁ - တွေ့ဆုံမေးမြန်းခြင်း။ အခန်း ၁၆ - ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း။

## အကြမ်းဖက်ခံရသူ အမျိုးသားများမှ ဖော်ပြနိုင်သော လက္ခဏာများမှာ

- ၎င်းတို့၏ ထိုင်ခုံတွင် အဆက်မပြတ် လှုပ်ရှားနေခြင်း/ တွေ့ဆုံမေးမြန်းစဉ် မတ်တပ်ရပ်၍ ဖြေဆိုလိုခြင်း
- ခါးအောက်ပိုင်း နာကြောင်း ပြောဆိုခြင်း
- အိမ်သာ ခဏခဏသွားခြင်း/ဆီး ဝမ်းမချုပ်ထိန်း နိုင်ကြောင်း လက္ခဏာများ
- အကြမ်းဖက်မှု ကျူးလွန်သူ၏ ကျား/မ gender ကို အသားပေးသော ဖော်ထုတ်ပြောဆိုမှုများ ပြုလုပ်ခြင်း
- "ကျွန်တော့်ကို မိန်းမတစ်ယောက်လို ဆက်ဆံခဲ့တယ်" ကဲ့သို့သော သွယ်ဝိုက်သော အသုံးအနှုန်းများ အသုံးပြုခြင်း
- တွေ့ဆုံမေးမြန်းသူ/ ဘာသာပြန်သူ၏ ကျား/မ gender ကွဲပြားမှုတွင် အားကောင်းသော ဦးစားပေးမှုကို ဖော်ပြခြင်း
- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အကြောင်း မေးမြန်းသောအခါ ဂဏာမငြိမ် ဖြစ်လာခြင်း
- စိတ်ထောင်းကိုယ်ကျေ ဖြစ်နေပုံများ (ဥပမာ - စကားကို တိုးတိုးပြောခြင်း၊ မျက်လုံးချင်းဆိုင်သည်ကို ရှောင်ရှားခြင်း



*© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈*

# အမျိုးသားများကို ဦးတည်ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ညွှန်းကိန်းများ



## အကြမ်းဖက်ခံရသူ အမျိုးသားများမှ ဖော်ပြနိုင်သော အခြားသော လက္ခဏာများမှာ

- လိင်မှုကိစ္စကို စိတ်မဝင်စားခြင်း/လိင်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည် ချို့ယွင်းခြင်း
- မစင်နှံရခြင်း/ ဝမ်းမထိန်းနိုင်သည့် လက္ခဏာများ
- အရက်၊ မူးယစ်ဆေးနှင့် အခြား စွဲလန်းစေသော အရာများ စွဲလန်းနေခြင်း
- တစ်ဦးတည်း သီးသန့်နေခြင်း၊ လူမှုဆက်ဆံရေးမှ ဖယ်ခွာခြင်း
- ကာယအားသုံးရသော အလုပ်များ မလုပ်နိုင်ခြင်း
- စိတ်ကျရောဂါ၊ အစိုးရိမ်လွန်ခြင်း၊ စိုးရိမ်မှု အလွန်အမင်းဖြစ်ခြင်း ၊ စိတ်အပြောင်းအလဲမြန်ခြင်း
- မိသားစုနှင့် ဆက်ဆံသည့် ပုံစံ/ အိပ်စက်မှု ပုံစံများ ပြောင်းလဲလာခြင်း
- HIV/AIDS, အခြား လိင်မှ တစ်ဆင့် ကူးဆက်သော ရောဂါများ


© နိုင်ငံတကာ ရာဇဝတ်မှု ဆိုင်ရာ စုံစမ်းစစ်ဆေးရေး အင်စတီကျု ၊ ၂၀၁၈